**EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR**
22 Arkana Street, Yarralumla, Canberra, A.C.T. 2600
Tel: (02) 6273 3811 Fax: (02) 6273 3181
Email: mecanberra@bigpond.com

# ပေးသွင်းထားသည့် အပြန်လေယာဉ်စရိတ် ပြန်လည်ထုတ်ပေးခြင်း

၁။ နိုင်ငံခြားသားခင်ပွန်းအားမှီခိုအဖြစ် နေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူ အမျိုးသမီးများအနေဖြင့် ၎င်းတို့နေထိုင်လျက်ရှိသည့်နိုင်ငံများတွင် အခက်အခဲ တစ်စုံတစ်ရာ ပေါ်ပေါက်၍ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာသည့်အခါ အချိန်နှင့်တပြေးညီ အကူအညီပေးနိုင်ရေးအတွက် အပြန်လေယာဉ်စရိတ်နှင့်ညီမျှသော ဒေသသုံးငွေများအားသက်ဆိုင်ရာသံရုံးသို့ပေးသွင်းစေပြီး အဆိုပါငွေများအား သံရုံးမှ စနစ်တကျထိန်းသိမ်းထားရှိခဲ့ပါသည်။

၂။ ယင်းသို့ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာအမျိုးသမီးများ မမျှော်လင့်သော အခြေအနေများကြောင့် နိုင်ငံခြားသားခင်ပွန်းနှင့် ကွာရှင်းပြတ်စဲလျှင်ဖြစ်စေ၊ ခင်ပွန်းသေဆုံးလျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာသည့်အခါ အကူအညီအထောက်အပံ့ဖြစ်စေရန် မြန်မာသံရုံးမှ သိမ်းဆည်းထားခဲ့ခြင်းဖြစ်ပါသည်။

၃။ ထို့အပြင် အပြန်လေယာဉ်စရိတ်ပေးသွင်းထားသူမြန်မာအမျိုးသမီးများအနေဖြင့် အခြားနိုင်ငံသားများအဖြစ် ခံယူသွားလျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသို့ အထက်ဖော်ပြပါမမျှော်လင့်သော အခြေအနေများကြောင့် ပြန်လည်ထွက်ခွာသည်ဖြစ်စေ၊ ထိန်းသိမ်းထားသည့် အပြန်လေယာဉ်စရိတ်များအား ငွေပေးသွင်းထားကြောင်း အထောက်အထားပြသစေလျက် သက်ဆိုင်ရာနိုင်ငံ၊ မြန်မာသံရုံးများမှ ပြန်လည်ထုတ်ပေးလျက်ရှိပါသည်။

၄။ ယခုအခါ နိုင်ငံခြားသားခင်ပွန်းအား မှီခိုအဖြစ် နေထိုင်လျက်ရှိသည့် မြန်မာအမျိုးသမီးများသည် နှစ်ကာလအတန်ကြာပြီဖြစ်သည့်အလျောက် တည်ငြိမ်သော လူမှုစီးပွားဘဝကိုရရှိနေပြီဟုယူဆရပါသည်။

၅။ သို့ဖြစ်ပါ၍ မြန်မာသံရုံး၊ ကင်ဘာရာမြို့သို့ အပြန်လေယာဉ်စရိတ်ပေးသွင်းထားခဲ့သည့်ကာလ (၃)နှစ်နှင့်အထက်ရှိပါက အောက်ဖော်ပြပါအချက်အလက်များအား ပြည့်စုံစွာဖြည့်စွက်၍ အပြန် လေယာဉ်စရိတ် ထုတ်ယူနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်နိုင်ရန် အသိပေးအပ်ပါသည်-

(က) ကာယကံရှင်၏ လျှောက်ထားလွှာ၊

(ခ) ဤသံရုံးမှထုတ်ပေးခဲ့သည့် အပြန်လေယာဉ်စရိတ်လက်ခံရရှိပါကြောင်းစာမူရင်း၊

(ဂ) ရေးသွင်းရမည့်ပုံစံ(ပူးတွဲ-က)၊

(ဃ) - မြန်မာနိုင်ငံသားဖြစ်ပါက မြန်မာနိုင်ငံကူးလက်မှတ် မူရင်းနှင့် မိတ္တူ၊

(သို့တည်းမဟုတ်)

- အခြားနိုင်ငံသားအဖြစ်ခံယူထားပါက ယခင်ကိုင်ဆောင်ခဲ့သော မြန်မာနိုင်ငံကူးလက်မှတ်မူရင်းနှင့်သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံကူးလက်မှတ်မိတ္တူ(သို့မဟုတ်) Citizenship Certificate မိတ္တူ၊

(င) ကာယကံရှင်၏လိပ်စာအား ပြည့်စုံစွာဖြည့်စွက်ထားသည့်စာအိတ်(ကာယကံရှင်ထံသို့ ပြန်လည်ပေးပို့မည့် စာအိတ်)၊

မြန်မာသံရုံး၊ ကင်ဘာရာမြို့
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်

# ရေးသွင်းရမည့်ပုံစံ

(အပြန်လေယာဉ်လက်မှတ် ပြန်လည်ထုတ်ပေးခြင်းကိစ္စ)

ဓါတ်ပုံ

| | | |
|---|---|---|
| ၁။ | အမည် | ------------------------------------ |
| ၂။ | အခြားအမည်များ (ရှိလျှင်) | ------------------------------------ |
| ၃။ | အသက် (မွေးနေ့သက္ကရာဇ်) | ------------------------------------ |
| ၄။ | မွေးရာဇာတိ | ------------------------------------ |
| ၅။ | လူမျိုး/ကိုးကွယ်သည့်ဘာသာ | ------------------------------------ |
| ၆။ | နိုင်ငံသား | ------------------------------------ |
| ၇။ | ကိုင်ဆောင်ထားသော မြန်မာ/အခြားနိုင်ငံကူး | ------------------------------------ |
| | လက်မှတ်အမှတ်နှင့် ထုတ်ပေးရက်စွဲ | ------------------------------------ |
| ၈။ | အမျိုးသားမှတ်ပုံတင်အမှတ်/စိစစ်ရေးကဒ်ပြား | ------------------------------------ |
| | အမှတ် (မြန်မာနိုင်ငံသားများအတွက်သာ) | ------------------------------------ |
| ၉။ | အမြဲတမ်းနေရပ် | ------------------------------------ |

၁၀။ ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးအပ်ပါသည်။

| | |
|---|---|
| အမည် | ---------------------------- |
| လက်မှတ် | ---------------------------- |
| နိုင်ငံကူးလက်မှတ်အမှတ် | ---------------------------- |
| (ဆက်သွယ်ရန် တယ်လီဖုန်းအမှတ် | ---------------------------- |
| လက်ကိုင်ဖုန်းအမှတ်) | ---------------------------- |